# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 4, 2020 Volume 29, Number 2


| ၄.၃.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၂/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၂၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၀၈/- ကျပ် |
| CBM Rate | = ၁၄၀၇.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၁.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၁၆.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၉၉.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၀.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၃.၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၁၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၈.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၃၆.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၉၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တရုတ် ဟူပေပြည်နယ် သို့ မြန်မာအစိုးရ မှ ဆန်တန်ချိန် ၂၀၀ ပေးပို့လှူဒါန်း



ကိုရိုနာဗိုင်းရပ်စ် (Covid–19) ကူးစက်မှုကြုံတွေ့နေရသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအဖြစ် ကျပ်သိန်း ၈၆၀ တန်ဖိုးရှိ ဧည့်မထဆန်တန်ချိန် ၂၀၀ကို မြန်မာအစိုးရက မတ်လ ၁ ရက်တွင် လှူဒါန်းခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့သို့ ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၄)ရှိ ဆန်သိုလှောင်ရုံတစ်ခုတွင် ဆန်လှူဒါန်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆွေမျိုးပေါက်ဖော် ချစ်ကြည်၊ လက်တွဲညီညာမည် အားမာန်ပြည့်ဝစေ "ဟူပေ" ဟုရေးသားထားသည့် ဗီနိုင်းစာသားများ ကပ်ထားသည့် ကားများနှင့်ဆန်အိတ်များတင်ဆောင်ကာ ရန်ကုန်မှမူဆယ်သို့ သုံးရက်အချိန်ယူပို့ဆောင်မည်ဖြစ်သည်။ လှူဒါန်းထားသည့် ဆန်အိတ်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတာဝန်ယူ၍ ကုန်တင်ယာဉ်ခြောက်စီးဖြင့် တင်ဆောင်ကာ တရုတ်-မြန်မာနယ်စပ် ကြယ်ခေါင်မြို့အထိ ပို့ဆောင်မည်ဖြစ်ပြီး တရုတ်မှကုန်တင်ယာဉ်များဖြင့် လာရောက်သယ်ဆောင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသို့ လှူဒါန်းသည့် ဆန်များသည် မိုးရာသီစပါးဈေးကျချိန်တွင် အစိုးရက အခြေခံညွှန်းဈေး တင်း ၁၀၀ လျှင် ကျပ်၅သိန်းဖြင့် ဝယ်ယူစုဆောင်းထားသည့် စပါးများကို ကြိတ်ခွဲလှူဒါန်းခြင်းဖြစ်သည်။ Covid –19 ကြောင့် ၂၀၁၉ ဒီဇင်ဘာကစပြီး ရောဂါထိန်းချုပ်နိုင်ရေးအတွက် တရုတ်အစိုးရက နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးဖြတ်တောက်ခဲ့သည်။ ဟူပေပြည်နယ် ဝူဟန်ဒေသတွင် လမ်းပန်းဆက်သွယ်ရေး ဖြတ်တောက်မှုများပြုလုပ်ခြင်း၊ ဒေသတွင်းနိုင်ငံများနှင့်

သွားလာဆက်ဆံရေးကိုလည်း ထိန်းချုပ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် ရိက္ခာလိုအပ်ချက် တစ်စိတ်တစ်ပိုင်းဖြည့်တင်းနိုင်ရန် ဆန်လှူဒါန်းခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားထားသည်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးက ဆန်လှူဒါန်းရသည့် ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားခဲ့သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်ထံ ဆန်တန်ချိန် ၂၀၀နှင့် လိုအပ်သည့် စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရသိရသည်။

**Source:** http://www.mizzimaburmese.com/article/67743

## ပြည်တွင်းထုတ်သကြားဈေးနှုန်း ပြန်လည်မြင့်တက်လာ



ပြည်ပသကြားဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာမှုကြောင့် ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ပြည်တွင်းထုတ် သကြားဈေးနှုန်းသည်လည်း အနည်းငယ်မြင့်တက်လာကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းများ လုပ်ငန်းရှင်အသင်းမှသိရသည်။ နွေရာသီရောက်ရှိလာပြီဖြစ်၍ သကြားအသုံးပြုလုပ်ငန်းများက ဝယ်လိုအားလည်း ရှိလာခြင်းကြောင့် ပြည်တွင်းသကြားဈေးကွက်မှာ ဇန်နဝါရီလ ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဖေဖော်ဝါရီလတွင် တစ်ပိဿာလျှင်ကျပ် ၅၀ ခန့်မြင့်တက်လာခဲ့သည်ဟုပြောသည်။

"အရင်က ပြည်တွင်းသကြား အရည်အသွေးမမီဘူးပြောတာမျိုးရှိခဲ့ပေမယ့် လုပ်ငန်းသုံးအရည်အသွေးကောင်းလို့ လုပ်ငန်းရှင်တွေကသုံးကြတယ်။ ဈေးပေါ်ပဲမူတည်တာပါ။ ပြည်ပဈေးထက် ပြည်တွင်းဈေးကနိမ့်နေတော့ ဈေးတက်လာသလို နွေရာသီရောက်ပြီမို့ သကြားသုံးစွဲမှု ဝယ်လိုအားမြင့်လာတယ်။ ပြည်ပသကြားတင်သွင်းမှုရပ်ထားတယ်"ဟု ၎င်းအသင်းမှ ဒုတိယဥက္ကဋ္ဌဦးဝင်းဌေးကပြောသည်။ လက်ရှိအချိန်တွင် ပြည်တွင်းသကြား တစ်ပိဿာကျပ် ၉၄၀ ဝန်းကျင်ရှိ၍ ထိုင်းနှင့်အိန္ဒိယမှတင်သွင်းသည့်သကြားမှာ ပြည်တွင်းအရောက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဝန်းကျင်ရှိနေသဖြင့် ဈေးနှုန်းကွာဟမှုရှိနေကြောင်းသိရသည်။ မန္တလေးတိုင်းရှိ ငွေရည်ပုလဲနှင့် ဂရိတ်ဝေသကြားစက်မှ ထွက်ရှိသည့် သကြားများကို ရန်ကုန်၊ မော်လမြိုင်နှင့်မြဝတီဘက်သို့ ရထားတွဲများဖြင့် တင်ပို့နေကြောင်းသိရသည်။ "ကြံစိုက်ရာသီမှာ မိုးခေါင်လို့ တစ်ဧက တန် ၂၀ တောင်မထွက်ခဲ့တာရယ်၊ ကြံဈေးမကောင်းဘူးဆိုပြီး ကြံခင်းဖျက်ပြီး အခြားသီးနှံပြောင်းစိုက်ကြသူတွေရှိလို့ ဒီနှစ်မှာကြံထွက် နည်းတော့ သကြားအထွက်နည်းမယ်။ လာမယ့် ၂၀၂၀-၂၀၂၁ ဆိုရင် ပိုနည်းနိုင်မယ်။ ပြည်တွင်းစားသုံးမှုနဲ့ ညီသလောက်ဖြစ်လာပြီး သကြား ထုတ်လုပ်မှု ပိုလျှံတာနည်းသွားမှာပါ"ဟု ဆက်လက်ပြောသည်။

ပြည်တွင်းသကြားစားသုံးမှုမှာ လူတစ်ဦးလျှင် တစ်နှစ်ကို သကြားခုနစ်ကီလိုဂရမ်ဝန်းကျင်ဖြစ်ရာ တစ်နှစ်လျှင် တန်ပေါင်း သုံးသိန်းခွဲနှင့် လေးသိန်းကြားမှာ စားသုံးမှုရှိကြောင်း၊ တစ်နှစ်လျှင် ပြည်တွင်းသကြားစက်များမှထုတ်လုပ်မှု တန်ငါးသိန်းခန့်ရှိ၍ တန်တစ်သိန်းကျော် ပိုလျှံခဲ့ရာက ယခုနှစ်မှစ၍ ကြံထွက်နှုန်းကျရာက သကြားအထွက်နည်းလာမည်ဖြစ်ကြောင်းသိရသည်။ "ပြည်တွင်းသကြားကဈေးကြီးလို့ ဈေးချိုတဲ့ပြည်ပသကြားကိုသုံးခဲ့ကြတာ။ သကြားကို တရုတ်ကလည်းမဝယ်ဘူး။ အဝင်မခံဘူး။ Re-export လည်းထိန်းထားတော့ ပြည်ပသကြားလည်း အရင်လိုဝင်မလာဘူးလို့သိရတယ်။ ရီဖိုင်းသကြားကိုမှ သုံးလို့ရတဲ့ လုပ်ငန်းတွေကတော့ ပြည်ပသကြားကိုသုံးနေကြတယ်။ ပြည်တွင်းသကြားကို အဓိကထားသုံးနေတယ်"ဟု မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်း)ဥက္ကဋ္ဌ ဦးစန်းဝင်းကပြောသည်။

၂၀၁၈ စက်တင်ဘာမှစ၍ တရုတ်နိုင်ငံသို့ သကြားတင်ပို့မှုရပ်နားခဲ့ရပြီး ပြည်တွင်းသို့ တရားဝင်တင်သွင်းခွင့်ရ ကုမ္ပဏီများနှင့် မှောင်ခိုလမ်းကြောင်းမှ ထိုင်းနိုင်ငံမှ Refine Sugar များ လစဉ်ဝင်ရောက်မှုများပြားခဲ့သည်။ ၂၀၁၉ ခုနှစ် ပြည်တွင်းသကြားဈေးကွက်တွင် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ၁၀ နှစ်အတွင်း သကြားဈေးအနိမ့်ဆုံး အဆင့်ထိရောက်ရှိခဲ့ရာက ယခုကဲ့သို့ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/136150.html

## မြန်မာနိုင်ငံအတွင်း မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းကိုတိုးချဲ့ပြီး စီးပွားရေးအရအရေးပါသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ မြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်သွားနိုင်မည်ဟုမျှော်လင့်



မြန်မာနိုင်ငံအတွင်း မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းကိုတိုးချဲ့ပြီး စီးပွားရေးအရ အရေးပါသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ မြို့ပြနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်ကပြောကြားသည်။ မဟာမဲခေါင်ဒေသခွဲအရှေ့အနောက် စီးပွားရေးစင်္ကြံလမ်း တစ်လျှောက် ရှိ စီးပွားရေးအရ အရေးပါသည့် မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များ၏ မြို့ပြဖွံ့ဖြိုးရေးနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ADB ထံမှ ချေးငွေဒေါ်လာသန်း ၈၀ နှင့် NEDA မှ ချေးငွေဒေါ်လာ ၂၄ သန်း၊ စုစုပေါင်းချေး ငွေဒေါ်လာ ၁၀၄ သန်းကျော်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှသိရသည်။

မဟာမဲခေါင်ဒေသခွဲ စင်္ကြံလမ်းတစ်လျှောက်ရှိ မြို့ဖြစ်သည့် မော်လမြိုင်၊ ဘားအံနှင့်မြဝတီမြို့များအနက် မြဝတီမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် GMS Corridor Towns Development Project ကို Neighboring Countries Economic Development Cooperation Agency (NEDA) ထံမှ ချေးငွေရယူမည့် အစီအစဉ်နှင့်စပ်လျဉ်းပြီး ဖေဖော်ဝါရီ ၂၄ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန၌ လက်မှတ်ရေးထိုးခဲ့သည်။ မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းတစ်လျှောက်ရှိ စီးပွားရေးအရ အရေးပါသော မြို့များဖြစ်သည့် မော်လမြိုင်မြို့၊ ဘားအံမြို့၊ မြဝတီမြို့များ၏ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်၍ အာရှဖွံ့ဖြိုးရေးဘဏ် ADB ၏အကူအညီဖြင့် အကြိုလေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။

အဆိုပါဆန်းစစ်လေ့လာမှုများအရ မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များ၏မြို့ ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် ADB ၏ ချေးငွေအကူအညီ ဒေါ်လာသန်း ၈၀ နှင့် NEDA ချေးငွေဒေါ်လာ ၂၄ ဒသမ ၃ သန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြောကြားသည်။ ADB ချေးငွေဖြင့် အကောင်အထည်ဖော်မည့်စီမံကိန်းမှာ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့နေ ပြည်သူများအတွက် မြို့ပြအခြေခံ ဝန်ဆောင်မှုလိုအပ်ချက်များဖြစ်သည့် ရေကောင်းရေသန့်ရရှိရေး၊ စနစ်တကျ အမှိုက်စွန့်ပစ်ရေး၊ ပြည်သူ့ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပေးခြင်း၊ မော်လမြိုင်မြို့ ရှေးဟောင်းအဆောက်အဦ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ဘားအံစက်မှုဇုန် စီမံကိန်းရေးဆွဲခြင်းနှင့် မြဝတီ-မဲဆောက် Joint Spatial Development Plan ရေး ဆွဲခြင်းလုပ်ငန်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း GMS Corridor ကို တိုးချဲ့ပြီး စီးပွားရေးအရ အရေးပါသည့် မြို့ကြီးများ၏မြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆင့်ပွားလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းချေးငွေစီမံကိန်းသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းတစ်လျှောက်ရှိ ပြည်နယ်မြို့ကြီးများ၏ လူမှုစီးပွားနှင့် အခြေ ခံအဆောက်အအုံကဏ္ဍအား တိုးတက်မြင့်မားစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နံပါတ် ၁၁ ပါ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူဖြစ်စေသည့် စီမံကိန်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အဓိက နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သော မြဝတီမြို့၏ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက် ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာခြင်း၊ စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာခြင်းစသည့် အကျိုးကျေးဇူးများအပြင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/162362

## နွေစပါးအထွက်လျော့နိုင်သည့်နှစ်တွင် ပြည်ပသို့ဆန်ပို့ခြင်း ချင့်ချိန်လုပ်ဆောင်ရန်လိုအပ်လာဟု MRF တာဝန်ရှိသူပြော

ဆည်ရေအခက်အခဲကြောင့် နွေစပါးအထွက်လျော့နည်းနိုင်သည့်နှစ်တွင် ပြည်ပသို့ဆန်တင်ပို့မှု ပြည်တွင်းစားသုံးမှုနှင့် ချင့်ချိန်ဆောင်ရွက်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။ COVID – 19 ရောဂါပျံ့နှံ့ နေချိန် နိုင်ငံတကာက မြန်မာဆန်ဝယ်လိုအားမြင့်တက်နေပြီး ဆန်တစ်တန်လျှင်ပျမ်းမျှ ၁၀ ရာခိုင်နှုန်းခန့် ဈေးတိုးပေး၍ ဝယ်ယူနေသည်ဟုဆိုသည်။ မြန်မာဆန်ကိုဈေးတိုးပေးပြီး ဝယ်ယူနေခြင်းသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှု လျော့လာခြင်း ကြောင့်လည်း ဖြစ်ကြောင်း ဦးအောင်သန်းဦးကပြောသည်။

နိုင်ငံတကာ ဈေးကွက်တွင် မြန်မာ့ဆန်ဈေးသည် ၂၀၂၀ ဇန်နဝါရီက စတင်မြင့်တက်လာသည်ဟု ပြည်ပဆန်တင်ပို့နေသူ အချို့ကပြောသည်။ မြန်မာနိုင်ငံမှ ရောင်းချသော ၂၅ မှတ်အမျိုးအစားဆန်တစ်တန်ကို ဒေါ်လာ ၂၇၀ မှ ၃၀၀ ကျော် အထိဈေးတိုးမြှင့်ပေးပြီးဝယ်နေကြောင်း ၎င်းတို့ကပြောသည်။ ယခုနှစ်တွင် ယူနန်အစိုးရက မြန်မာနိုင်ငံမှဆန်ကို တိုးမြှင့် ဝယ်ယူရန် ခွင့်ပြုမိန့်များကို သုံးဆခန့် တိုးမြှင့်ချထားပေးကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်အသင်း ဝင်ဦးမင်းသိန်းကပြောသည်။ ထိုအခြေအနေက ပြည်ပဈေးကွက်သို့ ဆန်တိုးမြှင့်တင်ပို့ရန် အခွင့်အလမ်းကောင်းဖြစ်သော်လည်း ယခုနှစ်နွေ စပါးအထွက် လျော့နည်းမည့်အခြေအနေက စိုးရိမ်စရာဖြစ်နေသည်ဟု ဦးအောင်သန်းဦးကပြောသည်။

မြန်မာနိုင်ငံသည် ပုံမှန်ချိန်တွင် တစ်နှစ်လျှင် ဆန်တန်ချိန် ၁၄ သန်းအထိစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးမှုနှင့် စက်မှု ထုတ်ကုန်အတွက် အသုံး ပြုခြင်းက ဆန်တန်ချိန် ၁၀ သန်းကျော်သည်။ နှစ်စဉ် ပိုလျှံဆန် တန်ချိန်သုံးသန်းကျော်ရှိသည်။ သို့သော်ပြီးခဲ့သည့်နှစ် မိုးစပါးတွင်ဒေသအချို့၌ စပါးအထွက်လျော့ခြင်း၊ ဆည်ရေမရခြင်းကြောင့် နွေစပါးစိုက်ဧက သုံးပုံ တစ်ပုံခန့်လျော့နည်းခြင်းကပြည်တွင်း စားသုံးမှုအတွက် ပြန်လှည့် ကြည့်ရမည့်အချိန် ဖြစ်နေသည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တာဝန်ရှိသူအချို့ကဆိုသည်။ လက်ရှိတွင် ပြည်တွင်းအဓိကစားသုံးသည့် ဆန်ချောဈေးနှုန်းက မိုးစပါးပေါ်ချိန်ထက် တစ်အိတ်လျှင်၃၀ ရာခိုင်နှုန်းကျော်မြင့်တက်လာသည်။ ၂၀၂၀ နှစ်စပိုင်းတွင် ရွှေဝတီတိုင်း၌စိုက်ပျိုးထုတ်လုပ်သည့် ပေါ်ဆန်း တစ်အိတ်ကို ကျပ်သုံးသောင်းခန့်မှ လက်ရှိကျပ်လေးသောင်းသို့ မြင့်တက်နေသည်။ ထို့အတူ ဆန်ကြမ်းရှယ် တစ်အိတ်လျှင် ၁၅ ရာခိုင်နှုန်းခန့်ဈေးမြင့်တက်သည်။ ပြည်တွင်းစားသုံးသည့် ဆန်ကြမ်းရှယ်တစ်အိတ်လျှင် ကျပ်နှစ်သောင်းခြောက်ထောင်ခန့်မှ ကျပ်သုံးသောင်းသို့ တက်လာသည်ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းကပြာသည်။

**Source:** https://7day.news/detail?id=180431

## ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် ပြောင်းကုန်စည်ဒိုင် ဖွင့်လှစ်ဆောင်ရွက်မည်



ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့် ကုန်စည်များစုဝေးသည့် မြဝတီပြောင်းကုန်စည်ဒိုင်ကို ယခုနှစ်အတွင်းဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးမင်းခိုင်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ ဦးဆောင်ပြီး တည်ထောင်သည့် မြဝတီပြောင်း ကုန်စည်ဒိုင်ကို သုံးလအတွင်း ဖွင့်လှစ်ရန်ရည်ရွယ်ထားကြောင်း အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောခဲ့သည်။ "အရင်တုန်းက ကုန်စည်ဒိုင်လုပ်ရကောင်းမှန်း နားမလည်ကြဘူး။ ပြီးတော့ ကျွန်တော်တို့ မနှစ်ကမှ ထိုင်းကို တင်ပို့လာကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကုန်စည်တွေက စုစည်းမှုမရှိတဲ့အခါကျတော့ တစ်ဖက်မှာဝယ် သူစိတ်ကြိုက်ဈေးကွက်ဖြစ်သွားတယ်။ ဝယ်လိုအား၊ ရောင်းလိုအားပေါ်မှာ ဖြစ်သင့်တဲ့ဈေး ဖြစ်စေချင်တဲ့အတွက်ကြောင့် တည်ထောင်ကြရတာပါ"ဟု ပြောသည်။

မြဝတီပြောင်းကုန်စည်ဒိုင်ကို တည်ထောင်နိုင်ရန်အတွက် မတ် ၂ ရက် ညနေပိုင်းကပြုလုပ်သည့် လုပ်ငန်းအစည်းအဝေးတွင် ငါးဦးကော်မတီဖွဲ့စည်းကာ သင်းဖွဲ့စည်းမျဉ်းနှင့် စနစ်တကျဆောင်ရွက်နိုင်ရန် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါအစည်းအဝေးသို့ တစ်နိုင်ငံလုံးမှ ပြောင်းကုန်သည်များအပါအဝင် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့လည်း တက်ရောက်ခဲ့ကြောင်းသိရသည်။ "မြဝတီမြို့ခံ ကုန်သည်တွေလည်းပါပါတယ်။ ရှမ်း(တောင်)၊ ရှမ်း(မြောက်) ကယား၊ မန္တလေး၊မကွေး၊ ဧရာဝတီနေရာစုံက ကုန်သည်တွေ စုစုပေါင်း ၆၀ လောက် ပါဝင်ခဲ့ပါတယ်။ အစိုးရဘက်ကလည်း အားပေးကူညီတယ်။ လောလောဆယ်တော့ မြေနေရာနှစ်ခုလျာထားပါတယ်"ဟု ဦးမင်းခိုင်က ပြောသည်။

တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှုရှိခဲ့သော်လည်း ယမန်နှစ်မတ်လမှစတင်ကာ ထိုင်းနိုင်ငံ၏ ပြောင်းဝယ်လိုအားမှာ သိသိသာသာတက်လာခဲ့ကြောင်းသိရသည်။ ယခင်က ပြောင်း ၁၅ ကီလိုဂရမ်ကို ထိုင်းငွေ ၉၈ ဘတ် ဝန်းကျင်ခန့်သာရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ပြောင်း ၁၅ ကီလိုဂရမ်ကို ထိုင်းဘတ် ၁၀၇ ဘတ်နှင့် ၁၀၈ ဘတ်ကြားရောက်ခဲ့ကြောင်းသိရသည်။ သို့သော် ပြောင်းဈေးနှုန်းမြင့်တက်လာသော်လည်း မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်နေခြင်းကြောင့် တွက်ခြေမကိုက်ကြောင်း ကုန်သည်များထံမှသိရသည်။ "ကျွန်တော်တို့ ကယားပြည်နယ်မှာလည်း ကုန်စည်ဒိုင်ဖွင့်ဖို့ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ရှမ်း(တောင်)ဘက်ကလာတဲ့ ပြောင်းကုန်သည်တွေအတွက် ပို့ဆောင်ရေးလမ်းကြောင်း တိုစေဖို့၊ ပို့ဆောင်စရိတ် သက်သာစေဖို့ ဆောင် ရွက်နေတာဖြစ်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောဆိုသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများတွေ့ဆုံ၍ ပြောင်းသီးနှံကဏ္ဍတန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရေးအတွက် အမျိုးသားပြောင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ရေးဆွဲရန်စီစဉ်လျက်ရှိသည်ဟု သိရသည်။ လက်ရှိအချိန် တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မဟာဗျူဟာနှင့်ချိတ်ဆက်ဆောင်ရွက်ကာ အမျိုးသားပြောင်းဖိုရမ်ကို နေပြည်တော်တွင်ကျင်းပရန်စီစဉ်ထားပြီး ပြည်တွင်းပြောင်းဈေးကွက်တည်ငြိမ်ရေး၊ ပြည်ပဈေးကွက်ခိုင်မာရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာ နိုင်ငံတွင် ပြောင်းစိုက်ဧရိယာ ၁ ဒသမ ၅ သန်း ရှိပြီး ပြောင်းတင်းပေါင်း ၇၁သန်းကျော် (မက်ထရစ်တန် ၃ ဒသမ၂ သန်း) ထွက်ရှိလာခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/136160.html

## သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ရန်ကုန်မြို့ရှိစက်မှုဇုန်များတွင် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်း၊ အိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းများကို ဒေါ်လာ ၂၄ သန်းနီးပါး ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်




သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် ဒေါ်လာ ၂၄ သန်းနီးပါးရင်းနှီးမြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ငန်း၊ အိတ်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှသိရသည်။ သီလဝါစက်မှုဇုန်တွင် ဒေါ်လာ ၂ ဒသမ ဝ၈၇ သန်း ရင်းနှီးမြှုပ်နှံကာ Fineline Company Limited (ဟောင်ကောင်)က CMP စနစ်ဖြင့် အိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ စက်မှုဇုန်တွင် Genesis Myanmar Garment Co., Ltd က ဒေါ်လာ ၄ ဒသမ ၂၈၅ သန်း မြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဟုသိရသည်။ ထို့ပြင် South Frame Myanmar Limited, Estonia က ဒေါ်လာ ဝ ဒသမ ၈၅၂ ရင်းနှီးမြှုပ်နှံကာ CMP စနစ်ဖြင့် ခါတ်ပုံပေါင်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။ ဝါးတစ်ရာစက်မှုဇုန်တွင် Myanmar Journey Bags Co. Ltd (ဟောင်ကောင်) က ဒေါ်လာ ၁ ဒသမ ၆၂၂ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးချုပ်လုပ်ခြင်း

လုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။ ရွှေပြည်သာမြို့နယ်အတွင်း ထိုင်ဝမ်ကုမ္ပဏီ Kai Sheng (Myanmar) Industrial က ဒေါ်လာ ၀ ဒသမ ၉၁၁ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။ ထို့ပြင် Jiangsu Soho (Myanmar) Garment Company Limited (တရုတ်) က ဒေါ်လာ ၁ ဒသမ ၂ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဟုသိရသည်။ လှိုင်သာယာမြို့နယ်အတွင်း Si Yuan (Myanmar) Co. Ltd ဟောင်ကောင်က ဒေါ်လာ ဝဒသမ ၉၀၆ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။ သာခုကန်စက်မှုဇုန်အတွင်း Sunrise (Myanmar) Fashion Co., Ltd (တရုတ်) က ဒေါ်လာ ၄ ဒသမ ၅ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။

ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၄)အတွင်း Ziran Non – Woven (Myanmar) Company Limited (ဟောင်ကောင်) က ဒေါ်လာ ၂ ဒသမ ၉ သန်း ရင်းနှီးမြှုပ်နှံကာ ပေါ်လီအက်စတာအမျှင်အမျိုးမျိုးထုတ်လုပ်၍ CMP စက်ရုံများနှင့် ပြည်ပသို့ တင်ပို့ရောင်းချသည့်လုပ်ငန်း လုပ်ကိုင်မည်ဖြစ်သည်။ လှိုင်သာယာမြို့နယ် စက်မှုဇုန်အတွင်း All and Fashion Limited (တရုတ်)က ဒေါ်လာ ၁ ဒသမ ၀၀၂ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်မည် ဖြစ်သည်။ ရွှေပြည်သာမြို့နယ်အတွင်း တရုတ်ကုမ္ပဏီတစ်ခုက ဒေါ်လာ ၁ ဒသမ ၅ သန်း၊ မြစ်မိုးရောင်စက်မှုဇုန်တွင် တရုတ်ကုမ္ပဏီတစ်ခုက ဒေါ်လာနှစ်သန်း၊ လှိုင်သာယာမြို့နယ်အတွင်း တရုတ်ကုမ္ပဏီတစ်ခုက ဒေါ်လာတစ်သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်မည်ဟုသိရသည်။

ထို့ပြင် သာခုကန်စက်မှုဇုန်အတွင်း တရုတ်ကုမ္ပဏီတစ်ခုက ဒေါ်လာ ၁ ဒသမ ၂၆၂ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အမျိုးသမီးဝတ်ဘရာစီယာ၊ အတွင်းခံဘောင်းဘီ ချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်မည်ဖြစ်သည်။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ စက်မှုဇုန်အတွင်း ဟောင်ကောင်ကုမ္ပဏီတစ်ခုက ဒေါ်လာ ၀ ဒသမ ၆၈၀ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် ဘေးကင်းလုံခြုံရေး ဝတ်စုံများနှင့် လုပ်ငန်းသုံး ကိရိယာတန်ဆာပလာများထုတ်လုပ်ခြင်း လုပ်ကိုင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီ(၃/ ၂၀၂၀)တွင် အတည်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၈၉၂၀ ဦး ဖန်တီး ပေးနိုင်မည်ဟုသိရသည်။

**Source:** https://news-eleven.com/article/162358

## တရုတ်သို့ ဖရဲ၊ သခွားတင်ပို့မှု ပုံမှန်ဝယ်ယူမှု၏ ထက်ဝက်တွင်သာရှိနေ

တရုတ်နိုင်ငံသို့ တစ်နေ့လျှင် မြန်မာ့ဖရဲ၊ သခွားကုန်ကားအစီးငါးရာ တင်ပို့ခဲ့ရာမှ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ဖြစ်ပွားပြီးနောက် ဝယ်လိုအားကျဆင်းခဲ့ပြီး ဖေဖော်ဝါရီလကုန်တွင် ကားအစီးနှစ်ရာကျော်ခန့်သာ တင်ပို့ ရောင်းချနိုင်ကြောင်းသိရသည်။ “တရုတ်နယ်စပ်ရဲ့ အဓိကက မူဆယ်ပဲရှိတယ်။ ဖေဖော်ဝါရီ ၂၀ ရက် ကျော်ကတည်းက ပွင့်လာပြီဆိုပေမယ့် အရင်ကနဲ့စာရင် ၅၀ ရာခိုင်နှုန်းလောက်ပဲ သွားနေတယ်။ ယခင်က တစ်ရက်ကို ဖရဲ၊ သခွားကား အစီးငါးရာ လောက်တက်ရာကနေ ဖေဖော်ဝါရီ ၂၀ ရက်ကျော်က တစ်ရက်ကို ကုန်ကားအစီး တစ်ရာလောက်တက်တယ်။ အခုတစ်ရက်ကို ကားအစီး နှစ်ရာကျော်လောက်သွားနေပါပြီ။ ဈေးနှုန်းက အရင်ကလောက် ဈေးသိပ်မရတော့ဘူး၊ ဈေးနည်းနည်းတော့ကျတယ်၊ လုံးဝဆုံးရှုံးတာတော့မရှိပါဘူး။ ရေရှည်မှာတော့ တရုတ်ဈေးကွက်အပြင် တခြားနိုင်ငံဈေးကွက်တွေရှာထားရမယ်” ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦးက ပြောသည်။

နှစ်စဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖရဲ၊ သခွား တန်ချိန် ရှစ်သိန်း အထိ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဝူဟန်၌ ကူးစက်ရောဂါ ဖြစ်ပြီးနောက် တရုတ်နိုင်ငံအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ခဲ့ရ၍ တရုတ်နိုင်ငံ အလယ်ပိုင်းရှိ ဈေးကွက်များသို့ တင်ပို့မှုလျော့နည်းခဲ့ပြီး ယခုနှစ်ဆန်းပိုင်းတွင် တန်ချိန်နှစ်သိန်းကျော်အထိသာ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင် တရုတ်နိုင်ငံမှ ဝယ်ယူရန်ကမ်းလှမ်းသဖြင့် ဝယ်ယူမှုဈေးကွက်ပျက် နေရာမှ ဖရဲ၊ သခွားတင်ပို့မှုမှာ ဝယ်လိုအားထက်ဝက်အထိ ရှိလာကြောင်းသိရသည်။ “ဒီနေ့ တရုတ်နယ်စပ်ကို ဖရဲ၊ သခွား အစီးရေ နှစ်ရာကျော်တက်သွားပါတယ်။ ဖရဲ၊ သွားရောက် စိုက်ပျိုးတင်ပို့သူဦးရေ ငါးသောင်းဝန်းကျင်ရှိပြီး စိုက်ဧက ၉၃၅၀၀ ခန့်၊

သခွားမွှေးစိုက်ဧက ၃၄၁၅၀ ရှိပါတယ်။ သခွားမွှေး တင်ပို့မှုကမဆိုးဘူး၊ ဈေးရတယ်။ ဝယ်လိုအားအသင့်အတင့်ရှိနေတယ်။ ဒီနှစ် ဖရဲက မကောင်း ဘူး။ ဖရဲတင်ပို့မှုမှာ ကားခ စရိတ်သာ ရနေပါတယ်။ စိုက်ပျိုးတင်ပို့သူတွေအနေနဲ့ ဈေးကွက်ပျက်နေချိန်မှာ သတင်းအချက်အလက်ကိုနားစွင့်ရမယ်။ သတင်းမသိဘဲတက်သွားရင် ဟိုကျတော့ အသီးဖိုးမရတဲ့အပြင် ကားခပါ ထပ်စိုက်နေ ရမယ်။ သက်ဆိုင်ရာပွဲရုံပွဲစားတွေကို လေ့လာပြီးမှတက်ကြပါ။ မတက်သင့်ရင် မတက်ပါနဲ့။ မတက်သင့်ဘဲတက်ခဲ့ရင် နစ်နာမှာ စိုးလို့ပါ။ သတင်းအချက်အလက်တွေကို လေ့လာပြီးမှတက်ကြပါ။ သူတို့ဆီမှာ ဒုက္ခရောက်နေကြတော့ မဝယ်နိုင်တာလေ။ နယ်စပ်အနီးလေးကပဲဝယ်တော့ ဈေးကနည်းတာ။ သူတို့က ဖရဲ ၁၂ ဘီးကားတစ်စီးကို ပုံမှန်ကား ယွမ်ငါးသောင်းလောက် ပေးတယ်။ အခုက ယွမ်ခုနစ်ထောင်၊ တစ်သောင်းပေးလည်းရောင်းရတာ” ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွား စိုက်ပျိုး တင်ပို့ရောင်းချ သူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။

တရုတ်နိုင်ငံသို့ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ဖရဲ ၆၆၀၀၁၆ တန် (အမေရိကန် ဒေါ်လာ ၇၆ ဒသမ ၈၄ သန်း)၊ သခွားမွှေး ၁၁၁၇၂၆ တန် (အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၄ သန်း)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဖရဲ ၈၀၀၄၂၄ တန် (အမေရိကန် ဒေါ်လာ ၇၇ ဒသမ ၄၆ သန်း)၊ သခွားမွှေး ၁၂၆၂၂၇ တန် (အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၇ သန်း)၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖရဲ ၇၄၈၄၇၂ တန် (အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄၅ သန်း)၊ သခွားမွှေး ၁၅၈၀၆၉ တန် (အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၂၃ သန်း)တန်ဖိုးအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ဖရဲ တန် ၃၃၀၀၀၀ ကျော်နှင့် သခွားမွှေးတန် ၄၀၀၀၀ ကျော်အထိ ပို့နိုင်ကြောင်း မြန်မာနိုင်ငံဖရဲ သခွား စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ တရုတ်နိုင်ငံသို့ နှစ်စဉ်နိုဝင်ဘာလမှ မေလအထိ ပုံမှန် တင်ပို့ကာလဖြစ်ပြီး ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများသည် တင်ပို့မှုအများဆုံးဖြစ်ရာ ဝယ်လိုအားကျဆင်းချိန်တွင် ရန်ကုန်မြို့ မြေပဒေသာကျွန်း၌ ဖရဲ၊ သခွားပွဲတော်ကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်အထိကျင်းပသဖြင့် ပြည်တွင်း ဝယ်လိုအား တက်လာကြောင်းသိရသည်။

**Source:** https://www.moi.gov.mm/?q=node%2F34613&fbclid=IwAR1UIOL0-MeyhnRrf1zW8KTn_8Ib4iVifAT mmjx PuKyyR8BmxTiPgdRVOeQ

## တရုတ်နိုင်ငံသို့ အေးခဲငါးနှင့် ပုစွန်များအပါအဝင် ရေထွက်ပစ္စည်းများတင်ပို့

ယခုနှစ် ဖေဖော်ဝါရီလသုံးပတ်တာကာလအတွင်း မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ အေးခဲငါးနှင့် ပုစွန်များအပါအဝင် ရေထွက်ပစ္စည်းတန်ချိန် ၆၀၀၀ ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာ၏ ပြောကြားချက်အရ သိရပါတယ်။



ယင်းသို့ တင်ပို့ရာတွင် ဖေဖော်ဝါ ရီလ ၁ ရက်မှ ၂၃ ရက်အထိ မူဆယ် (၁၀၅) မိုင် နယ်စပ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၆ ဒသမ ၁၃ သန်းတန်ဖိုးရှိ ရေထွက်ပစ္စည်းတန်ချိန် ၆၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရပါ တယ်။

ပို့ကုန်တွေကတော့ ရေခဲ ရိုက်တဲ့ငါး၊ ပုစွန်၊ အေးခဲထားတဲ့ ငါး၊ ပုစွန်တွေ၊ ကဏန်းအရှင်၊ ငါးရှဉ့် အရှင်၊ ငါးလေးခြောက်၊ ငါးပေါင်းမှုန့်၊ ပုစွန် ဖွဲ့နု၊ ကင်းမွန်ခြောက်တွေကို တင်ပို့ကြောင်းသိရပါတယ်။ ယခင်က တရုတ်နိုင်ငံသို့ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းအပြင် ချင်းရွှေဟော်နှင့်ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်း တို့မှ တင်ပို့ခဲ့သော်လည်း ယခုအခါ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှသာ တင်ပို့နေခြင်းဖြစ်ကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2752-ice-fish-export-to-china.html

## မူဆယ်နယ်စပ်ကုန်သွယ်ရေး ၈၀ ရာခိုင်နှုန်းကျော် ပြန်လည်အသက်ဝင်ပြီ

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့သည့် မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးမှာ ၈၀ ရာခိုင်နှုန်းကျော်

ပြန်လည် အသက်ဝင်လာပြီ ဖြစ်ကြောင်းသိရသည်။"၈၀ ရာခိုင်နှုန်းလောက် အရောင်းအဝယ်တွေက ပြန်ကောင်းလာပြီ။ ဒီလိုပုံဆိုရင်တော့ သင်္ကြန်လောက်အထိ ပြန်ကောင်းလာမယ်လို့ထင်တယ်။ တရုတ်ကလည်း ဖြေလျှော့ပေးထားတယ်။ သူတို့ ဘက်မှာက လိုအပ်ချက်တွေရှိနေတော့။ ပြန်ကောင်းတဲ့အတွက် ကြိုဆိုပါတယ်။ ဝမ်းလည်းသာပါတယ်" ဟု မူဆယ်ဆန်စပါးကုန်သည်ကြီးများအသင်းဒုဥက္ကဋ္ဌ ဦးမင်းသိန်းက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ တရုတ်နှစ်ကူးကြောင့် ရပ်ထားခဲ့သည့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်ချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်လာသဖြင့် တစ်လကျော်နီးပါး အဝယ်ရပ်ဆိုင်းခဲ့ရသည်။ ထို့ကြောင့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးတွင် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ကုန်စည်စီးဆင်းမှုမှာ ၉၀ ရာခိုင်နှုန်းအထိကျဆင်းခဲ့ရသည်။ "ဆန်နဲ့ဆန်ကွဲက တရားဝင်သွားလို့ရတယ်။ တစ်နေ့ကို အိတ်သုံးသောင်းလောက် သွားလို့ရတယ်။ မူဆယ်ကို သုံးသောင်းလောက်ဝင်သလို တရုတ်ကိုသုံးသောင်းလောက်ပို့လို့ ရတယ်။ တရုတ်က ပါမစ်ဈေးလျှော့ပေး တဲ့အတွက် တရားဝင်သွားလို့ရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ တရုတ်၏ လိုအပ်ချက်မြင့်မားလာမှုကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးကို ဖေဖော်ဝါရီလလယ်ခန့်၌ ပြန်လည်ဖွင့်ခွင့်ပြုခဲ့ရာ ကုန်သွယ်မှု တစ်စပြန်လည်အားကောင်းလာခဲ့ကာ ရေထွက်ကုန်မှလွဲ၍ ဆန်၊ ဆန်ကွဲ၊ ဖရဲ၊ သခွားမွှေးနှင့်သကြားတို့ တင်ပို့ရောင်းချနိုင်ပြီဖြစ် ကြောင်း မူဆယ်နယ်စပ်ကုန်သည်များကပြောသည်။ "သကြားကိုလည်း မှောင်ခိုလမ်း ကြောင်းကနေ တန်ချိန်နှစ်သောင်းလောက်ထွက်တယ်။ ဖရဲနဲ့သခွားမွှေးကတော့ ပုံမှန်နီးပါးကိုရောက်သွားပြီ။ ရေထွက်ပစ္စည်းကတော့ သိပ်သွားလို့မရသေးဘူး"ဟု မူဆယ်မှ ဆန်နှင့်သကြားကုန်သည်တစ်ဦးကပြောသည်။

တရုတ်နှင့် နယ်စပ်ကုန်သွယ်ရေးမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၀၉ သန်းကျော်ကျဆင်းခဲ့ ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဖေဖော်ဝါရီ ၂၂ ရက်တွင်ပြောခဲ့သည်။ "လူအဝင်အထွက်တော့ ပုံမှန်အတိုင်းဖြစ်သွားပြီ။ ကားတွေရော အဝင်ရော၊ အထွက်ရောအများကြီးပဲ။ လူတွေလည်း တန်းစီနေတာပဲ"ဟု မူဆယ်မြို့ဒေသခံတစ်ဦးကပြောသည်။ နယ်စပ်ဂိတ်များတွင် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုများအမြဲမပြတ်လုပ်ဆောင်နေပြီး ကျန်းမာရေးဆိုင်ရာလိုက်နာရမည့်အချက်များကို နှိုးဆော်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/136185.html

## မြန်မာ့မန်ကျည်းသီးများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် စတင်ဝင်ရောက်လာ

ယခုနွေဦးရာသီတွင် စတင်ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား မြန်မာ့မန်ကျည်းသီးများ အထွက်နှုန်းနည်းပါးသည့်အတွက် မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် စတင် ဝင်ရောက်လာကြောင်းသိရသည်။ အဆိုပါ မန်ကျည်းသီးများသည် ဇီးပင်ကြီး၊ ပုပ္ပား၊ နေပြည်တော်၊ ပျဉ်းမနား၊ ပခုက္ကူဒေသတို့မှ ထွက်ရှိကာ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာပြီး ယမန်နှစ်က ယခုလိုရာသီတွင် အစေ့ပါမန်ကျည်းတစ်ပိဿာလျှင် ကျပ် ၈၀၀ နှုန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၁၄၅၀ နှုန်းဖြင့် လည်းကောင်း၊ ယမန်နှစ်က အစေ့လွတ်(မန်ကျည်းသား) တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၂၅၅၀ နှုန်းဖြင့်လည်းကောင်း ဈေးနှုန်းများမြင့်တက်၍ အရောင်းသွက်လျက်ရှိသည်။ “ဒီနှစ်မန်ကျည်းပေါ်ချိန်မှာ ရာသီဥတုကြောင့် အထွက်နှုန်းက မနှစ်ကထက် သုံးပုံတစ်ပုံလောက်ပဲထွက်တယ်။ ဒ့ါအပြင် ဝါထပ်နှစ်ဖြစ်တဲ့အတွက် ထွက်ပေါ်ချိန်လည်းနောက်ကျတယ်။ ဒါကြောင့် ဈေးနှုန်းက မနှစ်ကထက် တစ်ဆလောက်မြင့်တက်လာတဲ့အပြင် ဝင်လာသမျှ မန်ကျည်းသီးတွေကို ဈေးကွက်မှာ စောင့်ပြီးဝယ်ယူနေကြရတယ်။ လောလောဆယ်ဈေးကွက်မှာတော့ ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေ အစောဆုံးဆင်းဝယ်နေကြတယ်။ မန်ကျည်း တစ်လှည့် ဆီးတစ်လှည့်ဆိုတဲ့ မြန်မာ့ဆိုရိုးအရဆိုရင် ဒီနှစ် မှာတော့ မန်ကျည်းဈေးကောင်းတဲ့အလှည့်လို့ပြောရမှာပဲ” ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

မြန်မာ့မန်ကျည်းသီးကို နှစ်စဉ်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပုံမှန်ဝယ်ယူလေ့ရှိပြီး လွန်ခဲ့သည့် ငါးနှစ်ခန့်မှစ၍ တရုတ်နိုင်ငံမှလည်း ဝယ်ယူမှုများရှိလာကြောင်းနှင့် မကြာမီရက်ပိုင်းအတွင်း ရမည်းသင်းနှင့်ကျောက်ပန်းတောင်း မြို့နယ်များမှလည်း ထပ်မံထွက်ရှိလာတော့မည်ဖြစ်ရာ သင်္ကြန်မတိုင်မီကာလအတွင်း ဈေးကွက်သို့ နယ်စုံမှမန်ကျည်းသီးများ လှိုင်လှိုင်ဝင်ရောက်လာတော့မည်ဖြစ်သည်။ မန်ကျည်းပင်ကို မြန်မာပြည်အလယ်ပိုင်း မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်း ဒေသကြီးတို့မှ နှစ်ရှည်ပင်အဖြစ် ဘိုးဘွားစဉ်ဆက် အများဆုံးစိုက်ပျိုးခဲ့ကြပြီး တစ်နှစ်လျှင် တစ်ကြိမ်သာ နွေဦးပေါက်ရာသီတွင် ခူးဆွတ်ယူနိုင်ကာ မြန်မာလူမျိုးများအတွက် ဆေးဝါးအဖြစ်သာမက ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုလျက်ရှိသည့်အပြင် ပြည်ပပို့ကုန်အဖြစ်လည်း အားထားရသည့်သီးနှံဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ပြည်တွင်းကြက်သွန်နီ  တရုတ်နဲ့ဘင်္ဂလားဒေ့ရှ် အဝယ်ရှိ နေပေမဲ့  ဈေးနှုန်း ဆက်တိုက်ကျဆင်း

ပြည်တွင်း ကြက်သွန်နီ တွေကို တရုတ်နဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေက ဝယ်ယူနေပေမဲ့ ဈေးနှုန်းကဆက်တိုက် ကျဆင်းလာပြီး တစ်ပိဿာကျပ် ၁၀၀၀ ဝန်းကျင်အထိရောက်လာတယ်လို့ ကြက်သွန်နီပွဲရုံတွေဆီကသိရပါတယ်။ လက်ရှိအချိန်က ကြက်သွန်နီ ထွက်ရှိမှုများတဲ့အချိန်ဖြစ်နေတာကြောင့် နှစ်နိုင်ငံက လာရောက်ဝယ်ယူနေပေမဲ့ ဈေးနှုန်းကျဆင်းနေတာပါ။ တစ်ပိဿာကို ကျပ် ၅၀၀ ဝန်းကျင် ကျဆင်းတယ်လို့ဆိုပါတယ်။ မန္တလေးတိုင်းဒေသကြီး ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့်စားဖိုချောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌဦးဇော်မျိုးဦးက “ ဒီရက်ပိုင်းမှာ ဈေးကကျတယ်၊ တော်တော်ကြီး ကို ကျနှုန်းမြန်တယ်၊ ဘင်္ဂလားဒေ့ရှ်က ဝယ်လိုအားနည်းသွားတာလဲပါတယ်၊ တရုတ်ကဝယ်ပေမဲ့ ဘင်္ဂလားဒေ့ရှ်လောက် အားမကောင်းဘူး၊ ဒီအချိန်ကလဲ ကြက်သွန်ထွက်နှုန်းများတဲ့အချိန်ဆိုတော့ ဈေးကွက်ထဲကို ရောင်းလိုအားများလာတယ်”လို့ ပြောတယ်။

ကြက်သွန်နီတွေကို ဘင်္ဂလားဒေ့ရှ် နိုင်ငံက ပြီးခဲ့တဲ့နှစ် စက်တင်ဘာလကတည်းက ဝယ်ယူနေတာပါ။ ကြားကာလအတွင်း အဝယ်ခေတ္တရပ်နားခဲ့ပေမဲ့ နောက်ပိုင်းတွေမှာ ဆက်တိုက်ဝယ်ယူနေပါတယ်။ တရုတ်နိုင်ငံကတော့ ပြီးခဲ့တဲ့ နှစ် အောက်တိုဘာလကုန်ပိုင်းကစတင်ပြီး အဝယ်ရပ်နားခဲ့တယ်။ အခုဖေဖော်ဝါရီလစမှသာ ပြန်လည်ဝယ်ယူတာလို့သိရပါတယ်။

ရွှေမန်းလှကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်က “ ဈေးကဆက်ကျဦးမယ်၊ မတ်လကုန်လောက်ဆိုရင် အခြေခံဈေးဖြစ်တဲ့ တစ်ပိဿာ ၁၀၀၀ အောက် ရောက် သွားမယ်၊ အခုတရုတ်ရော ဘင်္ဂလားဒေ့ရှ်ရောက ပုံမှန်ပဲဝယ်နေတယ်၊ ၁၀၀၀ အောက်ဈေးဆိုရင်တော့ တရုတ်ဘက်က အင်နဲ့အားနဲ့ ဝယ်လာနိုင်တယ်”လို့ ပြောတယ်။

လက်ရှိမှာတော့ မန္တလေးကြက်သွန်ဈေးကွက်ကို မြစ်သားကြက်သွန်တစ်မျိုးတည်းသာ အဓိကဝင်ရောက်နေတာ ပါ။ တစ်ရက်ကို ပိဿာချိန် ၈၀,၀၀၀ ကနေ ၁၀၀,၀၀၀ ကြား နေ့စဉ်ဝင်ရောက်နေတယ်လို့ပွဲရုံပိုင်ရှင်တွေကပြောပါတယ်။ မန္တလေးကြက်သွန်ဈေးကွက်မှာ လက်ရှိကြက်သွန်နီတစ်ပိဿာကို (ပွဲရုံဈေး)ကျပ် ၈၀၀ ကနေ ကျပ် ၁၂၀၀ ဝန်းကျင်မှာရှိ ပါတယ်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလကစတင်ပြီး တရုတ်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ကြက်သွန်နီဝယ်ယူတာကြောင့် ပြည် တွင်း ကြက်သွန်နီဈေးနှုန်း(ပွဲရုံဈေး) တစ်ပိဿာ ကျပ် ၃၀၀၀အထိ စံချိန်တင်အမြင့်ဆုံးဈေးကိုရောက်ရှိခဲ့ပါတယ်။

**Source:** https://www.kumudranews.com/news-37380

## မတ်ပဲစိုက် တောင်သူများ သီးနှံအထွက်နှုန်း ကောင်းသော်လည်း ဈေးကျနေ၍ အဆင်မပြေ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံမတ်ပဲစိုက် တောင်သူများသီးနှံထွက်ရှိချိန်တွင် အထွက်နှုန်း ကောင်းသော်လည်း ပဲမျိုးစုံသီးနှံဈေးနှုန်းများကျဆင်းနေ၍ ဈေးကောင်းမရရှိသည့်အခြေအနေများဖြင့် ကြုံတွေ့နေရကြောင်း မတ်ပဲစိုက်တောင်သူများထံမှသိရသည်။

ယခင်နှစ်က မတ်ပဲသီးနံပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၄၀,၀၀၀ ဝန်းကျင်ဈေးရှိခဲ့ပြီး ယခုနှစ်မတ်ပဲပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၃၂,၀၀၀ ဈေးရှိကြောင်းသိရသည်။ "ကျွန်တော်တို့ ဒေသမှာက မိုးစပါးတွေ ရိတ်သိမ်း ခြွေလှေ့အပြီး ဆောင်းကာလမှာ ကြားသီးနှံမတ်ပဲကို စိုက်ကြတယ်။ မနှစ်ကပေါ်စမှာ အိန္ဒိယအဝယ်ရှိတာကြောင့် ဈေး ကောင်းရရှိခဲ့တယ်။ အဲဒါကြောင့် ဒီနှစ်မှာ စိုက်ဧကတိုးပြီး စိုက်ခဲ့တယ်။ မြေအမျိုးအစားပေါ်မူတည်ပြီး မတ်ပဲ စိုက်တစ်ဧကကို ငါးပြည်ကနေ ရှစ်ပြည်အထိ ကြဲပက်စိုက်ပျိုးရတယ်။ ဒီနှစ် မိုးနှောင်းကောင်းတော့ တစ်ဧက တင်း ၃၀ ခန့်ထွက်ခဲ့တယ်။ သီးနှံထွက်ရှိချိန်မှ ဝယ်လက်မရှိဘူးလို့သိရပြီး သီးနှံဈေးတွေပြုတ်ကျကာ တစ်တင်းကို ကျပ် ၃၂,၀၀၀ ဈေးနဲ့ရောင်းချရပါတယ်"ဟု ပွင့်ဖြူမြို့နယ် ရောက်တောကျေးရွာမှ တောင်သူ ဦးဝင်းတင်ကပြောသည်။

ရွာတွင်မတ်ပဲသီးနှံကို ကိုင်းမြေ/ မြေနုတွင် စိုက်ပျိုးကြကြောင်း၊ ယခုနှစ် မိုးနှောင်းကောင်းသောကြောင့် အပင်များ သန်ပြီး အထွက်လည်းကောင်းကြောင်း၊ အချို့လယ်မြေတွင် မိုးစပါးအပြီး မတ်ပဲစိုက်ကြောင်း၊ အထွက်နှုန်းများကောင်းပြီး ဈေးကောင်းမရကြကြောင်း၊ နောက်စိုက်မည့်သီးနှံအတွက် အခက်အခဲဖြစ်ကြောင်း တောင်သူဦးဝင်းတင်ကပြောသည်။ "မနှစ်က မတ်ပဲသီးနှံထွက်ရှိချိန်မှာ အိန္ဒိယဘက်က အမှာရှိခဲ့တာကြောင့် ဈေးကောင်းရခဲ့ကြတယ်။ ဒီနှစ်အိန္ဒိယကလည်း အဝယ်၊ အမှာမရှိသလို တရုတ်ဘက်ကိုတင်ပို့ဖို့ကလည်း ပိတ်ထားတာဆိုတော့ သီးနှံဈေးတွေ ပြုတ်ကျနေခဲ့တာဖြစ်တယ်။

သီးနံ့ပေါ်စမှာ မတ်ပဲတွေအထွက်ကောင်းပေမယ့် လက်ရှိမှာတစ်တင်း ကျပ် ၃၂,၀၀၀ ဈေးနဲ့ ဝယ်ယူနေတာဖြစ်ပါတယ်"ဟု မင်းဘူးမြို့ရှိ ဝင်းရတနာ ပွဲရုံပိုင်ရှင် ဒေါက်တာဝင်းမျိုးသန့်က ပြောသည်။ ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံအဖြစ် ကုလားပဲ၊ နေကြာ၊ မတ်ပဲ၊ ပဲကြီးစသည့်သီးနှံများစိုက်ပျိုးကြပြီး မတ်ပဲသီးနှံကိုစိုက်ဧက ၃၀၀၀ ခန့် စိုက်ပျိုးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/136132.html

## ရေနံစိမ်းပိုမိုတင်ပို့ခဲ့ပြီး တင်သွင်းမှု လျော့နည်းခဲ့သည့်အတွက် အမေရိကန်ကုန်သွယ်မှုလိုငွေပြမှုကျဆင်း

အမေရိကန်နိုင်ငံ၏ ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်ရေးသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၁၆.၈ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်ရေးလိုငွေပြမှု ၁.၇ ရာခိုင်နှုန်းလျော့နည်းခဲ့ကာ ၂၀၁၃ ခုနှစ်ကတည်းက မထမဆုံးလျော့နည်းခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သန်းခေါင်စာရင်းဗျူရိုမှ ထုတ်ပြန်ချက်အရသိရပါသည်။ အမေရိကန်နှင့်၎င်း၏ ကုန်သွယ်ဖက်များအကြား ကုန်သွယ်ရေးဆောင်ရွက်မှုများအနက် ရေနံစိမ်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၁၇.၁ ဘီလီယံထိ မနှစ်ကထက် ၃၅.၅ ရာခိုင်နှုန်းတိုးမြှင့် တင်ပို့နိုင်ခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုလည်း သိသိသာသာလျော့နည်းတင်သွင်းခဲ့သည့်အတွက် ကုန်သွယ်ရေးလိုငွေပြမှု လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

ရေနံစိမ်းတင်ပို့မှုတွင် တောင်ကိုရီးယား၊ နယ်သာလန်၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့မှု များခဲ့ပြီး ဆော်ဒီအာရေဘီးယား၊ ဗင်နီဇွဲလား၊ အီရတ်၊ မက္ကဆီကိုနှင့် အန်ဂိုလာနိုင်ငံတို့မှလည်း ရေနံစိမ်းတင်သွင်းမှုလျော့နည်းခဲ့ပါသည်။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ခရီးသည်တင်ကားတင်သွင်းမှု အမေရိကန်ဒေါ်လာ ၁.၉ ဘီလီယံရှိပြီး၊ တင်ပို့မှု အမေရိကန်ဒေါ်လာ ၄.၈ ဘီလီယံရှိခဲ့ကြောင်း၊ ထရပ်ကားနှင့်ဘတ်စ်ကားတင်သွင်းမှု အမေရိကန်ဒေါ်လာ ၄.၈ ဘီလီယံရှိခဲ့ပြီး တင်ပို့မှု အမေရိကန်ဒေါ်လာ ၁.၆ ဘီလီယံ ရှိခဲ့ကြောင်း၊ မော်တော်ယာဉ်တင်ပို့ / တင်သွင်းမှု နှစ်မျိုးလုံး တိုးတက်ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ ဆေးဝါးကုန်သွယ်မှုတွင် တင်ပို့မှု အမေရိကန်ဒေါ်လာ ၆.၃ ဘီလီယံနှင့်တင်သွင်းမှု အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ နှင့် တင်ပို့/တင်သွင်းမှုနှစ်ရပ်လုံးတိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင် ၂၀၁၉ ခုနှစ်တွင် ပြောင်းထွက်ရှိမှု ကျဆင်းခဲ့သဖြင့် ပြောင်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၄.၉ ဘီလီယံထိဆောင်ရွက်ခဲ့ပြီး မနှစ်ကထက် ၃၆.၅ ရာခိုင်နှုန်း လျော့နည်းဆောင်ရွက်ခဲ့ပါသည်။ တင်ပို့မှုတန်ချိန်လျော့နည်းခဲ့သော်လည်း မနှစ်ကထက် ပြောင်းဈေးပိုမိုရရှိခဲ့ပါသည်။

**Source:** https://www.census.gov/library/stories/2020/02/new-annual-data-show-first-trade-deficit-decrease-since-2013.html

## ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ဈေးကွက်တန်ဖိုးများကျဆင်း

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဖြစ်လာနိုင်သည့်အတွက် ဈေးကွက်ထိန်းမနိုင်သိမ်းမရဖြစ်မှုကို ငြိမ်သက်အောင်ကြိုးစားဆောင်ရွက်နေသည်ဟု သမ္မတထရမ့်အစိုးရ၏ အကြီးတန်းအရာရှိများက ဆိုပါသည်။ ဖေဖော်ဝါရီနောက်ဆုံးပတ်က S&P 500 အညွှန်းကိန်းသည် ၁၁.၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ကမ္ဘာ့ငွေကြေးအကြပ်အတည်းဖြစ်ခဲ့သည့် ၂၀၀၈ ခုနှစ်ကတည်းက အဆိုးဆုံး ရှယ်ယာတန်ဖိုးကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

အမေရိကန်နိုင်ငံအတွင်းသို့ ဗိုင်းရပ်စ်မပျံ့နှံ့ခင်ကပင် အိမ်ထောင်စုများသုံးစွဲမှုအပေါ် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည့်အတွက် စီးပွားရေးပညာရှင်များအနေဖြင့် စိုးရိမ်မှုများဖြစ်နေကြပါသည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ် ဗုဒ္ဓဟူးနေ့တွင် အမေရိကန်ငွေကြေးထိန်းချုပ်သူများတွေ့ဆုံကြပြီး ၁၀ စုနှစ်အတွင်း စိန်ခေါ်မှုအများဆုံးအချိန်ကျရောက်နေကြောင်း၊ လာမည့်ရက်များတွင် ဖယ်ဒရယ်အစိုးရအနေနှင့်ဈေးကွက်ယုံကြည်မှုမြှင့်တင်ရန် စီစဉ်ဆောင်ရွက်မှုများလုပ်ရမည်ဟု အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ အမေရိကန်**

## အမေရိကန်ဗဟိုဘဏ်က ၎င်း၏အရန်အတိုးနှုန်း ထက်ဝက်လျှော့ချသော်လည်း စတော့တန်ဖိုးများကျဆင်း

အမေရိကန်ဗဟိုဘဏ်က ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် စီးပွားရေးကျဆင်းနိုင်သည့်အတွက် အမေရိကန်ဗဟိုဘဏ်က ၎င်း၏အရန်အတိုးနှုန်းကို ၁ ရာခိုင်နှုန်းနှင့် ၁.၂၅ ရာခိုင်နှုန်းအကြားထိ ထက်ဝက်လျှော့ချလိုက်တယ်လို့ မတ်လ ၂ ရက်နေ့က ကြေညာလိုက်ပါသည်။ အမေရိကန်ဗဟိုဘဏ်၏ ကြေညာချက်ထွက်ပေါ်ပြီးနောက် အမေရိကန်၏ စတော့ရှယ်ယာများနှင့် အစိုးရငွေတိုက် စာချုပ်တန်ဖိုးများကျဆင်းခဲ့သည့်တွက် ငွေကြေးစီမံသူများသည် ဗိုင်းရပ်စ်ကြောင့် စီးပွားရေးကျဆင်းမည်ကို စိုးရိမ်ကြောက်လန့် နေကြသည်။ အမေရိကန်ဗဟိုဘဏ်၏ ကြေညာချက်ထွက်ပေါ်ပြီး ကနဦးတွင် စတော့တန်ဖိုးများ မြင့်တက်ခဲ့ကြောင်း၊ Dow Jones Industrial တန်ဖိုးသည် ၃၀၀ ပွိုင့်ကျော်မြင့်တက်ခဲ့ပြီး ၁၅ မိနစ်အတွင်း ပြန်လည်ကျဆင်းလာရာ ၈၀၀ ပွိုင့်နီးပါး၊ ၃ ရာခိုင်နှုန်းထိကျဆင်းနေကြောင်း၊ S&P 500 သည် ၂.၈ ရာခိုင်နှုန်းနှင့် Nasdaq Composite သည်လည်း ၃ ရာခိုင်နှုန်းအသီးသီး ကျဆင်းနေကြောင်းသိရပါသည်။

ဗဟိုဘဏ်ဥက္ကဌ ဖြစ်သူ Mr. Jerome Powell က အမေရိကန်၏စီးပွားရေးသည် အခြေခံအားဖြင့် စိန်ခေါ်မှု အန္တရာယ်ရှိလာနိုင်သည့်ဟု ခန့်မှန်းသည့်အတွက် စီးပွားရေး ဆက်လက်ခိုင်မာနေစေရေးအတွက် ၎င်းတို့အနေနှင့် လုပ်နိုင်သည့်အပိုင်းက ဆောင်ရွက်ခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့ပါသည်။ မိမိတို့အနေနှင့် ဘဏ်အတိုးနှုန်းလျှော့ချလိုက်ခြင်းသည် ရောဂါကူးစက်မှုနှုန်းကို လျှော့ချနိုင်မှုမရှိကြောင်းနှင့် စီးပွားရေးယန္တယား၏ ပျက်ပြားသွားသည့် ထောက်ပံ့ပို့ဆောင်မှုကို တည့်မတ်အဆင်ပြေသွားအောင်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းကို သိရှိထားသော်လည်း မိမိတို့၏ လုပ်ဆောင်ချက်သည် စီးပွားရေးခိုင်မာလာအောင် အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ထောက်ပံ့မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဆိုပါသည်။ ပိုမိုတိတိကျကျဆိုလျှင် အိမ်ထောင်စု များနှင့် စီးပွားရေးလုပ်ငန်းများ ယုံကြည်ချက်ပိုမိုရှိလာစေပြီး စီးပွားရေး လုပ်ဆောင်မှုများ အပေါ်သက်ရောက်မှုရှိစေသည့် ငွေကြေးတင်းကြပ်မှုကိုရှောင်ရှားနိုင်ပြီး အဆင်ပြေနိုင်သော ငွေကြေး အခြေအနေဖြစ်ပေါ်စေရန် အထောက်အကူပေးနိုင်သည်ဟုဆိုပါသည်။

မတ်လ ၂ ရက်နေ့တွင် အမေရိကန်ဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းလျှော့ချသည့် ကြေညာချက်ထွက်ပေါ်ပြီးနောက် သမ္မတ ထရမ့်က ဒီထက်ပိုမိုဆောင်ရွက်ရန် လိုနေသေးကြောင်း၊ ပိုမိုအဆင်ပြေချောမွေ့ရန် ထပ်မံလျှော့ချသင့်ကြောင်း ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

**Source:** https://www.wsj.com/articles/federal-reserve-cuts-interest-rates-by-half-percentage-point-11583247606

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ အမေရိကန်**

## STOCK EXCHANGE (4.3.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 1,774 | 20,606,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,900 | 3,950 | 3,900 | 6,371 | 25,037,950 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,000 | 1,314 | 29,395,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +100 | +3.57% | 2,900 | 2,900 | 2,900 | 15 | 43,500 | 12,823,224 | 37,187 |

## Market summary

As of 4th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 481.48 | +0.03 | +0.01% | 470.16 | 481.48 | 470.16 | 9,474 | 75,082,950 | 5 | 659,299 |

### Index chart




# Market Overview

As of 1:00 pm, 4th Mar. 2020

| MYANPIX | 481.48 ▲ 0.03 |
|---|---|
| Total Volume (shares) | 9,474 |
| Total Value (MMK) | 75 mil |
| Listed Company | 5 |
| Market Cap. (MMK) | 659,299 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,900 | ▲ 100 |